**မြန်မာအစိုးရသည် ပြန်ပြည့်မြဲ စွမ်းအင်ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းနှင့်ရေလိုက်လွဲနေလျက်ရှိသည် ။**

ဆက်သွယ်ရန်:

Hanna Hindstrom, EarthRights International (English)

+95 (0)9976301937 (Myanmar)

hanna@earthrights.org

ဦးအောင်မြင့် ၊မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း (မြန်မာ ၊ အင်္ဂလိပ် )

+95(0)95075608

am.ream@gmail.com

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်၊ ရန်ကုန်၊ မြန်မာ

မြန်မာနိုင်ငံသည် မိမိနိုင်ငံအတွင်းရှိ ပြန်ပြည့်မြဲစွမ်းအင် အလားအလာများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကြီးနှင့် ရေလိုက်လွှဲနေပြီး ကျောက်မီးသွေးနှင့် အကြီးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးကိုသာ အလေးပေးအာရုံစိုက်လျက်ရှိသည်။ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများနှင့် ဧရာမ ရေကာတာများသည် "ဒိုင်နိုဆော" (ရှေးခေတ်အိုဟောင်းသော) နည်းပညာများဖြစ်ပြီး ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၊ လူထုကျန်းမာရေး၊ ဇီဝမျိုး စုံမျိုးကွဲနှင့် ဒေသတွင်းအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဆိုးဆိုးရွားရွားသက်ရောက်ထိခိုက်စေလျက် ရှိသည်ဟု အရပ်ဖက်လူမှုအဖွဲ့အစည်းများက ယနေ့ထုတ်ပြန်ပြောဆိုခဲ့သည်။

နေပြည်တော်၌ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည့် အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံအနေဖြင့် နေနှင့်လေစွမ်းအင်အပါအဝင် ပိုမိုစိမ်းစိုစေမည့် ရွေးချယ်စရာနည်းလမ်းများကို အမြန်ဆုံးရှာဖွေဖော်ထုတ်၍ ပြန်ပြည့်မြဲစွမ်းအင်သည် ယုံတမ်းစကားမဟုတ်တော့ကြောင်း အမြန်ဆုံးဖွင့်ဟဝန်ခံရန် အပူတပြင်းလိုအပ်နေပြီဖြစ်ကြောင်း အထင်အရှားပြဆိုလျက်ရှိသည်။ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသူများ၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအပါအဝင် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံ ပြည်ပြည့်မြဲစွမ်းအင်အသင်းမှ ဦးအောင်မြင့်က "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကိုယ့်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းနဲ့အညီ ပြုမူပြီး ပြန်ပြည့်မြဲစွမ်းအင်ကို နိုင်ငံရေးနဲ့ စီးပွားရေးအရ အရေးပါတဲ့ ကဏ္ဍတစ်ရပ်အနေနဲ့ အားပေးအားမြှောက်လုပ်ဖို့ လိုအပ်တယ်" ဟု ပြောဆိုခဲ့သည်။ "အစိုးရအနေ နဲ့ 'ပြည်သူနဲ့အတူ'ဖြစ်ချင်ရိုးသာမှန်ရင် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မဟာဓာတ်အားလိုင်းတိုးချဲ့မယ့် စီမံချက်တွေနဲ့

ပတ်သက်တဲ့ လူထုရဲစိုးရိမ်ပူပန် မှုတွေကို ဆုံးဖြတ်ချက် မချမှတ်ခင်မှာ နားထောင်ပေးဖို့ ဆန္ဒရှိကြောင်း သက်သေပြဖို့လိုအပ်ပါတယ်။”

လက်ရှိစီမံချက်များအရ ၂၀၃၀ ခုနှစ်အမီ ပြန်ပြည့်မြဲစွမ်းအင်မှ စွမ်းအင် ၁၀ ရာခိုင်နှုန်းခန့်သာ ထုတ်ယူ သုံးစွဲရန် ရည်မှန်းခြင်းသည် လုံလောက်မှုမရှိသည့်အပြင် နိုင်ငံကို ရာသီဥတုဆိုင်ရာ သဘာဝဘေးဒဏ်များ၊ လူမှုရေးပဋိပက္ခများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများဆီသို့ ဦးတည်သွားစေလျက်ရှိသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်အရောက်တွင် အနည်းဆုံးပြန်ပြည့်မြဲစွမ်းအင် ၂၀ ရာခိုင်နှုန်းအထိ သုံးစွဲသွားရန်ရည်မှန်း ထားသည့် အာဆီယံပန်းတိုင်နှင့်လည်း သွေဖယ်ဆန့်ကျင်လျက်ရှိသည်။ လိုအပ်သည့် စွမ်းအင်ပမာဏ၏ ၃၀ ရာခိုင်နှုန်းနှင့်အထက်ကို ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲခြင်းသည် နည်းပညာအရရော စီးပွား ရေးအရပါ ဖြစ်နိုင်ခြေရှိကြောင်း ဂျာမဏီကဲ့သို့သော စက်မှုထွန်းကားပြီးနိုင်ငံများက သက်သေပြလျက်ရှိသည်။

Energy Watch ၏ ဂျာမန်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ပညာရှင်တစ်ဦးဖြစ်ပြီး ဂျာမဏီလွှတ်တော်၏ အစိမ်းရောင်ပါတီအမတ်ဟောင်းတစ်ဦးဖြစ်သူ Hans Josef-Fell က “ဂျာမဏီရဲ့ စွမ်းအင်အပြောင်းအလဲက ပြန်ပြည့်မြဲစွမ်းအင်အမျိုးမျိုးကို ပေါင်းစပ်အသုံးပြုရင်းနဲ့ မဟာဓာတ်အားလိုင်းရဲ့ တည်ငြိမ်မှုကိုပါ တစ် ပြိုင်တည်း အားကောင်းလာစေတယ်ဆိုတာကို သက်သေပြနေပါတယ်”ဟု ပြောဆိုခဲ့သည်။ “လိုအပ်နေတာက နိုင်ငံရေးဆန္ဒနဲ့ ထောက်ခံအားပေးမှုပါပဲ။”

လူထုလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးသည့် လျှပ်စစ်ဖြန့်ဖြူးရေး မဟာဗျူဟာမျိုးဖြစ်လာစေရန်အ တွက် လူထုပူးပေါင်းပါဝင်မှုရှိရန် မဖြစ်မနေလိုအပ်သည်။ စွမ်းအင်စီမံကိန်းများသည်လည်း သဘာဝပတ်ဝန်း ကျင်အပေါ် သက်ရောက်ထိခိုက်မှု လေ့လာဆန်းစစ်ချက်များနှင့် ဆက်စပ်လူထုပူးပေါင်းပါဝင်မှုကို စနစ်တကျ အကောင်အထည်ဖော်ရန်လိုအပ်သည်။ ထိုသို့မဟုတ်ပဲ ရေတိုကိုသာ ကြည့်ပြီး ကုန်ကျစရိတ်ကြီးမားသည့် ဇီဝရုပ်ကြွင်းလောင်စာအသုံးပြု စွမ်းအင်စီမံချက်များ၏ နောက်ဆက်တွဲ ထိခိုက်ပျက်စီးမှုများကို မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် သဘာဝပတ်ဝန်းကျင်သည် ခါးစည်းခံကြရမည်ဖြစ်သကဲ့သို့ လက်ရှိအသားတင် ကာဗွန်စုပ်ယူသိုလှောင်မှုကို လျော့ကျသွားစေသူများအဖြစ် မြန်မာနိုင်ငံအစိုးရ၏ ပုံရိပ်သည် လည်း ထိခိုက်လာမည်ဖြစ် သည်။

Heinrich Böll Foundation ၏ Mirco Kreibich က “မြန်မာနိုင်ငံအနေနဲ့ ကိုယ့်ရဲစွမ်းအင်မူဝါဒနဲ့ ပတ်သက်ပြီး အားလုံးပါဝင်မှုရှိရှိနဲ့ ပွင့်ပွင့်လင်းလင်းချပြဆွေးနွေးဖို့ လိုအပ်နေပါတယ်။ ဒီနေရာမှာ အကျိုးသက်ဆိုင်သူ အားလုံး ပါဝင်ဖို့လိုအပ်သလို တံခါးပိတ်အပေးအယူလုပ်တာတွေ သို့မဟုတ် အပေါ်အောက်အမိန့်ဆန်တဲ့ ဆုံး ဖြတ်ချက်ချမှတ်မှုတွေကို အဆုံးသတ်ဖို့လိုအပ်ပါတယ်”ဟု ပြောဆိုခဲ့သည်။

ဗုဒ္ဓဟူးနေ့တွင် ကျင်းပခဲ့သည့် စားပွဲဝိုင်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ စွမ်းအင်ဖြည့်ဆည်းထောက်ပံ့မည့် နည်း လမ်းများအပေါ် ပွင့်ပွင့်လင်းလင်းဆွေးနွေးခွင့်ရရှိစေသဖြင့် ကြိုဆိုသင့်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အစိမ်းရောင်စွမ်းအင်ကို ဦးစားပေး၍ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖူးပွင့်လာစေရန် အထောက်အကူပြုသည့် ဥပဒေမူဘောင်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အားပေးအား မြှောက်ပြုရန် အရေးကြီးကြောင်းကိုပါ မီးမောင်းထိုးပြခဲ့သည်။

EarthRights International ၏ Campaigns Coordinator ဖြစ်သူ Hanna Hindstrom က "မြန်မာနိုင်ငံအနေနဲ့ ရာသီဥတုပြောင်းလဲမှုရဲ့ သက်ရောက်မှုတွေကို တုန့်ပြန်ရင်ဆိုင်ရင်းနဲ့ ကိုယ့်ပြည်သူလူထု အတွက် ရေရှည် တည်တံ့ခိုင်မြဲတဲ့ စွမ်းအင်ကို ဖြည့်ဆည်းထောက်ပံ့ပေးဖို့ မျှော်မှန်းထားတယ်ဆိုရင်တော့ ဇီဝရုပ်ကြွင်းလောင် စာတွေနဲ့ ရောမရေအားလျှပ်စစ်စီမံကိန်းတွေကို ဖော်ဆောင်ဖို့မတွေးတောသင့် တော့ဘူးဆိုတာ ရိုးရှင်းတဲ့ အမှန်တရား တစ်ခုပါပဲ" ဟု ပြောဆိုခဲ့သည်။ "ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ နည်းလမ်းတွေက မြန်မာ နိုင်ငံအတွက် ဖြစ်နိုင်ချေရှိရုံသက်သက်မဟုတ်တော့ပဲ ဖော်ဆောင်ဖို့အတွက် နောက်တောင်ကျနေပြီဆိုတဲ့ ရှင်းလင်းပြတ်သား တဲ့ အမှာစကားကို ဒီတစ်ပတ်ထဲမှာပဲ နားနဲ့ဆတ်ဆတ် ကြားခဲ့ရပါပြီ။"